# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 20, 2019 Volume 16, Number 13


**၂၀.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၄၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၈၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/ကျပ် |
| CBM Rate | = ၁၅၂၉.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၂.၂ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၉.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၄၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၈၉ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၁၀ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၅.၅၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၀၂ကျပ် |

Source: CBM Rate. etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## တနသ်ာရီတိုင်းတွင် ငှက်သိုက်စုဆောင်းထုတ်ယူခွင့် သုံးနှစ်အထိတိုးမြှင့်

တနသ်ာရီတိုင်းအတွင်းရှိ ကျွန်းများတွင် ငှက်သိုက်စုဆောင်းထုတ်ယူခွင့်ကို သုံးနှစ်အထိတိုးမြှင့်လိုက်သည်။ ယခင်က ငှက်သိုက်စုဆောင်း ထုတ်ယူခွင့်ကို တစ်နှစ်သာ ခွင့်ပြုရာမှ ငှက်သိုက်စုဆောင်းထုတ်လုပ်ခွင့် သုံးနှစ်သတ်မှတ်နိုင်ရန် တိုင်းအစိုးရနှင့် ပြည်ထောင်စုအစိုးရထံတင်ပြခဲ့၍ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သစ်တောဦးစီးဌာန တနသ်ာရီတိုင်းဒေသကြီး ဦးစီးမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် ဦးကျော်ဇေယျကပြောဆိုသည်။

လုပ်ငန်းရှင်များအနေဖြင့်လည်း ငှက်သိုက်စုဆောင်းထုတ်လုပ်ရာတွင် ရေရှည်ရင်းနှီးမြှုပ်နှံခွင့်ရမည်ဖြစ်သည့်အတွက် တင်ဒါဈေးနှုန်း ပိုမိုတိုးပေးလာမည်ဖြစ်ပြီး ငှက်သိုက်ကျွန်းများပြုပြင် ထိန်းသိမ်းရေးကိုပိုမိုလုပ်ဆောင်လာမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ရေရှည်ရင်းနှီးမြှုပ်နှံခွင့်ရတော့ ငှက်သိုက်ကျွန်းတွေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းပြုပြင်မှုအပိုင်းမှာ အားထည့်လာမှာဖြစ်ကြောင်း ဦးကျော်ဇေယျကပြောဆိုသည်။

ငှက်သိုက်ထွက်ရှိရာ ကျွန်းအုပ်စုလေးခုတွင် သုံးနှစ်လုပ်ကိုင်ခွင့်ရမည့် ဈေးပြိုင်အိတ်ဖွင့်တင်ဒါကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငှက်သိုက်ရာသီအထိ လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

လောင်းလုံးမြို့နယ်အတွင်းရှိ မော်စကိုကျွန်းအုပ်စု၊ ကျွန်းစုမြို့နယ်အတွင်းရှိ ရေအေးကျွန်းအုပ်စု၊ ကော့သောင်းမြို့နယ်အတွင်းရှိ ကဆိုင်းလှနှင့် ကော့ငါးကျွန်းအုပ်စု၊ ပုလောမြို့နယ်အတွင်းရှိ မလိကျွန်းအုပ်စုတို့ဖြစ်သည်။

ယမန်နှစ်က ကျွန်းအုပ်စုလေးခုစလုံးကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ဈေးအများဆုံးပေးကာ လုပ်ကိုင်ခွင့်ရရှိခဲ့သည်။

Source: https://myanmar.mmtimes.com/news/120639.html

## စိုက်ပျိုးသီးနှံများကို ခိုင်မာသည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် အသိပညာပေးခြင်းပြုလုပ်

မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာစိုက်ပျိုးသီးနှံများကို ခိုင်မာဈေးနှုန်းများဖြင့် ရောင်းချနိုင်ရန်အတွက် Agriculture Commodity Exchange (စိုက်ပျိုးရေးကုန်စည်လဲလှယ်)စနစ်ဖြင့် လုပ်ဆောင်နိုင်ရန် အိန္ဒိယနိုင်ငံမှလာရောက်ကာ အသိပညာမျှဝေခြင်းပြုလုပ်ခဲ့သည်။ ယနေ့ဖေဖော်ဝါရီ ၁၉ ရက်က နေပြည်တော်ရှိ Park Royal ဟိုတယ်တွင် အိန္ဒိယသံရုံးမှတာဝန်ရှိသူများ၊ Securities and Exchange Board of India-SEBI (india ၏ အာမခံနှင့်လဲလှယ်ဘုတ်အဖွဲ့) တို့မှ တာဝန်ရှိသူများ၊ Meridian Group မှ တာဝန်ရှိသူများက အဆိုပါစိုက်ပျိုးရေး

ကုန်စည်လဲလှယ်စနစ်ဖြင့်လုပ်ဆောင်နိုင်ရေးဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံဘက်မှ UMFCCIမှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ တောင်သူလယ်သမားတွေအနေနဲ့ ထုတ်လုပ် ရရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်တွေကို ကျွန်တော်တို့က ဒီရောင်းချတဲ့နေရာမှာ ဈေးနှုန်းအားဖြင့်လည်း ခိုင်မာတဲ့ ဈေးကွက်ရရှိအောင်၊ ဈေးနှုန်းလည်းကောင်းကောင်းရရှိအောင်၊ အရောင်းအဝယ်စနစ်တွေမှန်ကန်လာအောင်၊ နောက်တစ်ခုကတော့ ကြိုရောင်းကြိုဝယ်စနစ်တွေကို တရားဝင်စနစ်တကျလုပ်နိုင်ဖို့အတွက်ဆိုရင် ဒီလိုမျိုး Commodity Exchange တွေက အရေးကြီးကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ ထိုကဲ့သို့ စနစ်ပေါ်ပေါက်လာပါက လုပ်ငန်းရှင်များတွင်လည်း ကုန်ပစ္စည်းများကိုလက်ထဲတွင် ငွေရှိသလောက်သာ ဝယ်ယူခြင်းမရှိတော့ဘဲ ငွေတန်ဖိုး၏ ၁၀ ရာခိုင်နှုန်း (သို့) ၂၀ ရာခိုင်နှုန်းကို ဝယ်ထားပြီး ပြန်ရောင်းနိုင်သောကြောင့် ဘဏ်ချေးငွေရသကဲ့သို့ အကျိုးကျေးဇူးများရရှိနိုင်သည်ဟု မြန်မာနိုင်ငံ ပဲ၊ နှမ်း ကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးသောင်းဟန်ကပြောသည်။

ထို့ပြင် နိုင်ငံခြားသို့ကုန်ပစ္စည်းတင်ပို့ရောင်းချသူများ(Exporters)များတွင်လည်း ကုန်ပစ္စည်းများကို စာချုပ်ကြိုချုပ်ကာ ဝယ်ယူရခြင်းမျိုး မရှိတော့သည့်အတွက် ဈေးနှုန်းအတက်အကျများအပေါ်တွင် အန္တရာယ်ကင်းစွာဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ အဲ့တော့ သူတို့က ချုပ်ပြီးပြီဆိုတာနဲ့ မဝယ်ထားဘူးဆိုရင်လည်း သူတို့မှာ အန္တရာယ်ရှိတယ်။ ဈေးတက်သွားရင်ရှုံးဦးမယ်။ ဝယ်ထားပြန်တော့လည်း ငွေတွေကအိပ်နေပြီးတော့၊ အကျိုးအမြတ်ကလည်းထင်သလောက်မရတဲ့အခြေအနေမျိုးမှာ သူတို့က Exchange အပေါ်မှာဝယ်ထားမယ်။ နီးတော့မှ တကယ် delivery ယူပြီး ပို့မယ်ဆိုရင်လည်း သူတို့လည်း ဘဏ်ချေးငွေမယူဘဲနဲ့ သူတို့လုပ်ငန်းတွေကို လည်ပတ်လို့ ရမယ်လို့ ဦးသောင်းဟန်ကပြောသည်။ မြန်မာနိုင်ငံတွင်လက်ရှိအရောင်းအဝယ်စနစ်သည် အတိုင်းအတာတစ်ခုထိသာ အကျိုးဖြစ်ထွန်းစေသော်လည်း နှုတ်ကတိတစ်ချို့ကြောင့် တစ်ဦးနှင့်တစ်ဦး ပျက်ကွက်ခြင်းများ၊ လိမ်လည်ခြင်းများ ရှိနေသောကြောင့် အန္တရာယ်များနေသည့်အတွက် ယခုစနစ်ကို အမြန်ဆုံးပေါ်ပေါက်စေရန်လိုအပ်နေပြီဟု ၎င်းက ဆိုသည်။ Commodity Exchange စနစ်သည် လူတိုင်းနှင့်ဆက်ဆံနေရခြင်းဖြစ်ကာ ပွင့်လင်းမြင်သာသည့် ဈေးကွက်စနစ်၊ ကောင်းမွန်သည့်လူသုံးကုန်စနစ်များဖြစ်လာပါက အကျိုးသက်ရောက်မှုသည် လူတိုင်းအပေါ်တွင် ခံစားရမည်ဖြစ်သည်ဟု Mr. Shashi Kumar (Chief of general mananger -SEBI)က ပြောသည်။

ကျွန်တော်တို့ကောင်းမွန်တဲ့ အခြေခံအဆောက်အဦတွေရှိမယ်။ ထွက်ကုန်တွေကလည်း တိုးတက်လာမယ်။ အရည်အသွေးတွေရှိတဲ့ ထွက်ကုန်တွေရလာမယ်။ စည်းမျဉ်းစည်းကမ်းကလည်း တကယ့်ကိုကောင်းမွန်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ လည်ပတ်ပြီးတော့မှ ကျွန်တော်တို့ဒီလိုမျိုး Exchange တွေ လုပ်လာမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ ဒီ Exchange လုပ်လာတဲ့ပမာဏတွေက တဖြည်းဖြည်းနဲ့များလာမယ်။ နှစ်ဦး၊ နှစ်ဖက်မှာလည်း အကျိုးကျေးဇူးတွေရလာမယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တခြားကိုပို့တဲ့ Export ကုမ္ပဏီတွေမှာ ပိုပြီးတော့အရည်အသွေးတက်လာမယ်။ ပိုပြီးတော့လည်း တိုးတက်လာမယ်။ Ecosystem တွေလည်း ပိုပြီးတော့ကောင်းလာမယ်။ နှစ်ဦးနှစ်ဖက်ပိုပြီးတော့ အကျိုးကျေးဇူးတွေရလာမယ်ဟု၎င်းကပြောသည်။ ၎င်းစနစ်ကျင့်သုံးနေသည့်နိုင်ငံများမှ သင်ခန်းစာများကိုလေ့လာကာ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေမည့် Agriculture Commodity Exchange ပေါ်လာစေရန် ဥပဒေ၊ နည်းဥပဒေများလိုအပ်သောကြောင့် အချိန်ယူရန်လိုပြီး ၎င်းစနစ်ပေါ်ပေါက်ရေးအတွက် ဆက်လက်ပြီး ကြိုးစားအားထုတ်သွားရမည်ဟု မြန်မာနိုင်ငံ၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

**Source:**http://www.mizzimaburmese.com/article/54827

## အမေရိကန်က ဥရောပကားများကို အခွန်တိုးကောက်လျှင် ဥရောပကလည်း အမေရိကန်ပဲပိစပ်များ အဝယ်လျှော့မည်

ဥရောပကားများကို အမေရိကန်က အခွန်တိုးကောက်မည်ဆိုပါက ဥရောပကလည်း အမေရိကန်ပဲပိစပ်နှင့် ဓာတ်ငွေ့ရည်များကို အဝယ်လျှော့မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက သတိပေးပြောကြားလိုက်သည်။ ဥရောပကားများတင်သွင်းနေမှုသည် အမေရိကန်ပြည်တွင်းစီးပွားရေးကို ထိခိုက်စေကာ နိုင်ငံတော်လုံခြုံရေးကိုပါ ထိပါးစေနိုင်ခြင်းရှိမရှိကို အမေရိကန် ကုန်သွယ်ရေးဌာနကဆန်းစစ်ကာ မကြာခင် လမ်းညွှန်ချက်ထုတ်ပြန်မည်ဖြစ်ပြီး သမ္မတထရမ့်အနေဖြင့် ဥရောပကားများကို အခွန်တိုးကောက်သင့်မသင့် ဆုံးဖြတ်ချိန် ရက် ၉၀ ရရှိမည်ဖြစ်သည်။ ဥရောပကော်မရှင် ဥက္ကဋ္ဌ

ယန်းကလော်ဒီဂျန်ကာက ပြီးခဲ့သည့်နှစ်က သမ္မတထရမ့်နှင့် ဝါရှင်တန်တွင်တွေ့ဆုံရာ၌ ဥရောပကားများကို အခွန်တိုးကောက်ခြင်းမပြုဟု သမ္မတက ကတိပေးခဲ့ကြောင်းပြောသည်။

သမ္မတထရမ့်အနေဖြင့် ထိုကတိကိုမတည်ပါက ဥရောပသမဂ္ဂအနေဖြင့်လည်း အမေရိကန်ပဲပိစပ်နှင့် ဓာတ်ငွေ့ရည်များကို သတ်မှတ်ပမာဏပြည့်မီအောင် ဝယ်ယူမည့်ကတိကို စောင့်ထိန်းရန် မလိုအပ်တော့ကြောင်း မစ္စတာဂျန်ကာက ပြောသည်။

အမေရိကန်အနေဖြင့် ဥရောပပို့ကုန်များကိုထိခိုက်စေမည့် မူဝါဒမျိုးကျင့်သုံးလာပါက ဥရောပသမဂ္ဂအနေဖြင့်လည်း မြန်မြန်ထက်ထက် တုံ့ပြန်သွားမည်ဟု ဥရောပသမဂ္ဂ သတင်းထုတ်ပြန်ရေးတာဝန်ရှိသူ မာဂါတစ်ရှီနက်စ်က ပြောသည်။ ကုန်သွယ်ရေးမပြေလည်မှုများ လျှော့ချရေးအတွက် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် ဆွေးနွေးလျက်ရှိသည့်တိုင် တိုးတက်မှု နည်းပါးနေဆဲဖြစ်သည်။ ဥရောပကားများသည် အမေရိကန်လုံခြုံရေးကို ထိပါးစေနိုင်သည်ဟု အမေရိကန် အာဏာပိုင်များက ဆုံးဖြတ်ထားပြီးသားဖြစ်သည်ဟု ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်ကလည်း ပြီးခဲ့သည့်ရက်ပိုင်းက ဝေဖန်ပြောကြားခဲ့သည်။

**Source :** https://myanmar.mmtimes.com/news/120651.html

## မြန်မာနိုင်ငံနှင့်ကိုက်ညီမည့် Agriculture Commodity Exchange တစ်ခု ပေါ်ပေါက်လာစေရန် လိုအပ်နေပြီဖြစ်ကြောင်း UMFCCI ဒုတိယဥက္ကဋ္ဌပြောကြား




မြန်မာနိုင်ငံနှင့်ကိုက်ညီမည့် Agriculture Commodity Exchange တစ်ခုပေါ်ပေါက်လာစေရန်အတွက် လိုအပ် နေပြီ ဖြစ်ကြောင်း UMFCCI ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

ဖေဖော်ဝါရီ ၁၉ ရက်ကနေပြည်တော်ရှိ Park Royal ဟိုတယ် တွင်ပြုလုပ်သည့် စိုက်ပျိုးရေးပစ္စည်းများအသုံးပြုမှုဆိုင်ရာ ဗဟုသုတမျှဝေခြင်းအစမ်းအနား၌ ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ မကြာခင်က အာဖရိကမှာလယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ ထူးခြားပြောင်မြောက်စွာ ဖွံ့ဖြိုးတိုးတက်လာတဲ့ အီသီယိုးပီးယားနိုင်ငံမှာဆိုရင်လည်း ကျွန်တော်တို့က အီသီယိုးပီးယား Commodity Exchange ရှိတာကိုတွေ့ရတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ အတွက်ကိုလည်း စဉ်းစားရမယ့်အချက်တစ်ချက်ဖြစ်ပြီးတော့ ဒီဟာကိုဆောင်ရွက်တဲ့အခါမှာ သူများနိုင်ငံတွေရဲ့ သင်ခန်းစာတွေကိုလေ့လာရမယ်။ နောက်တစ်ခါ ကိုယ့်နိုင်ငံနဲ့လိုက်လျောညီထွေရှိတဲ့ Agriculture Commodity Exchange တစ်ခုပေါ်လာအောင်လုပ်ဖို့လည်းလိုတယ်။ နောက်တစ်ဖက်က ဥပဒေနည်းဥပဒေပိုင်းတွေလည်း လိုအပ်ကြောင်း ဦးရဲမင်းအောင်ကပြောကြားသည်။

နေပြည်တော်တွင်ပြုလုပ်သည့် ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် လယ်ယာနှင့်စိုက်ပျိုးရေးထွက်ကုန်များအား Commodity Exchange ၊ Stock Exchange ပုံစံမျိုးဖြင့် လယ်ယာနှင့်စိုက်ပျိုးရေးထွက်ကုန်များကို ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်းများဆောင်ရွက်နိုင်သည့် Agriculture Commodity Exchange ပေါ်ပေါက်လာစေရန်အတွက် အိန္ဒိယနိုင်ငံက ၎င်းတို့နိုင်ငံတွင် ဆောင်ရွက်နေသည့်ပုံစံ၊ နည်းပညာများကိုလာရောက်ရှင်းလင်း ဆွေးနွေးခြင်းဖြစ်ကြောင်း ဦးရဲမင်းအောင်ကပြောကြားသည်။

ဦးရဲမင်းအောင်က ဒီနေ့ဆွေးနွေးပွဲကတော့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်တွေကို Commodity Exchange လိုမျိုး၊ Stock Exchange လိုမျိုးပေါ့။ ဒီ Stock Exchange ကတော့ ကျွန်တော်တို့ ကုမ္ပဏီတွေရဲ့

အစုရှယ်ယာပေါ့။ ကုမ္ပဏီတွေရဲ့ အစုရှယ်ယာကိုရောင်းတာ၊ ဝယ်တာဆောင်ရွက်တဲ့၊ လဲလှယ်တဲ့နေရာပေါ့။ အဲဒီတော့ ကျွန်တော်တို့က လယ်ယာစိုက်ပျိုးရေးထွက်ကုန်တွေကို ရောင်းတဲ့၊ ဝယ်တဲ့ ၊ လဲလှယ်တဲ့ Agriculture Commodity Exchange မြန်မာနိုင်ငံမှာ ဆောင်ရွက်ဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့ အိန္ဒိယနိုင်ငံဘက်ကနေပြီး လာရောက်ပြီးတော့ သူတို့နိုင်ငံက ဆောင်ရွက်နေတဲ့ အတွေ့အကြုံတွေနဲ့ ဆောင်ရွက်တဲ့ပုံစံတွေကို ကျွန်တော်တို့ လာရောက်ပြီးတော့ ရှင်းလင်းတင်ပြ ဆွေးနွေးတဲ့ပွဲ ဖြစ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့က လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီးတော့ လယ်ယာ စိုက်ပျိုးရေး ထွက်ကုန်တွေကို ပြည်တွင်းစားသုံးမှုအတွက်ရော၊ ပြည်ပတင်ပို့ဖို့အတွက်ပါ ထုတ်လုပ်နေတယ်။ တောင်သူ လယ်သမားတွေ အနေနဲ့ ဒီထုတ်လုပ်ရရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်တွေကို ရောင်းချတဲ့နေရာမှာ ဈေးနှုန်းအားဖြင့်လည်း ခိုင်မာတဲ့ဈေးကွက်ရရှိအောင်၊ ဈေးနှုန်းလည်း ကောင်းကောင်းရရှိအောင်၊ အရောင်းအဝယ် စနစ်တွေ မှန်ကန်လာအောင်၊ နောက်တစ်ခုကတော့ ကြိုရောင်း၊ ကြိုဝယ်စနစ်တွေကို တရားဝင်စနစ်တကျ လုပ်နိုင်ဖို့အတွက်ဆိုရင် ဒီလိုမျိုး Commodity Exchange တွေက အရေးကြီးပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေမှာဆိုရင် မလေးရှားနိုင်ငံတို့၊ အင်ဒိုနီးရှားနိုင်ငံတို့ဆိုရင် သူတို့က ဆီအုန်းတို့၊ ရာဘာတို့ အဓိကစိုက်တော့ Commodity Exchange တွေကို သူတို့အသုံးပြုတယ်။ ဒီ Commodity Exchange တွေကနေပြီး တော့ သူတို့ရဲ့ လယ်ယာကဏ္ဍရဲ့ ဖွံ့ဖြိုးရေးကို သူတို့ဆောင်ရွက်တာကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် Agriculture Commodity Exchange ပေါ်ပေါက်လာစေရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း ဦးရဲမင်းအောင်က ပြောကြားသည်။

Source: https://news-eleven.com/article/83472

## ဝဥ ပြည်ပဝယ်လိုအားကောင်း၊ အလားအလာကောင်းတဲ့ သီးနှံဖြစ်



တောင်ပေါ်ဒေသတွေမှာ စိုက်ပျိုးမှုများတဲ့ဝဥဟာ ပြည်ပဝယ်လိုအားကောင်းတဲ့အတွက် အလားအလာကောင်းတဲ့ သီးနှံဖြစ်တယ်လို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောဆိုပါတယ်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ပြုလုပ်တဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးမှာ အခုလို ပြောတာဖြစ်ပါတယ်။ ဦးဟင်နရီဗန်ထီးယူက ဝဥဟာ စားသုံးမှုအတွက် သာမက တိုင်းရင်းဆေးအတွက်ပါ အသုံးပြုဖို့ ဝယ်လိုအားရှိလာတဲ့အတွက် အိတ်စပို့အလားအလာကောင်းတဲ့သီးနှံဖြစ်ကြောင်း၊ လက်ရှိမှာလည်း အလားအလာကောင်းတဲ့ သီးနှံတွေဖြစ်တဲ့ ကော်ဖီ၊ ကိုကိုး၊ လက်ဖက်နဲ့ ဝဥစိုက်ပျိုးခြင်းတွေကို ဆောင်ရွက်လျက်ရှိရာ သံတောင်ကြီးမှာ အော်ဂဲနစ်ကော်ဖီ အထူးဇုန်ဧက ၅၀၀၀ စိုက်ပျိုးခြင်း၊ ချင်းပြည်နယ်မှာ လက်ဖက်နဲ့ကော်ဖီဧကများတိုးချဲ့စိုက်ပျိုးခြင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိမြို့နယ် ငါးမြို့နယ်မှာ ကိုကိုးတိုးချဲ့စိုက်ပျိုးခြင်းများ ဆောင်ရွက်နေတယ်လို့ ပြောပါတယ်။

ဝဥဟာ တောင်ပေါ်ဒေသတွေနဲ့ မန္တလေးတိုင်း၊ ပဲခူးတိုင်းတို့မှာ အများဆုံးစိုက်ပျိုးကြပြီး ပြည်ပဝယ်လက်အနေနဲ့ ဂျပန်နဲ့ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေတာ ဖြစ်ပါတယ်။ ဝဥဈေးဟာတစ်နှစ် ထက်တစ်နှစ် ဈေးကောင်းရရှိလာသလို စိုက်ပျိုးသူတွေအနေနဲ့လည်း အလေ့ကျပေါက်ရောက်တဲ့စနစ်ကနေ စီးပွားဖြစ်စိုက်ပျိုးလာကြပြီ ဖြစ်ပါတယ်။ ဝဥအစို တစ်ပိသာလျှင် ကျပ် ၂၀၀ ကျော် အထိဈေးရရှိပြီး အခြောက်ဆိုရင် တစ်ပိသာကို ကျပ် ၅၀၀၀ ကနေ ကျပ် ရ၀၀၀ နီးပါး ရရှိတယ်လို့ ဝဥစိုက်ပျိုးသူအချို့ဆီကသိရပါတယ်။ ဝဥကို အလှကုန်ပစ္စည်းများ၊ အစားအစာနဲ့ တိုင်းရင်းဆေး ဖော်စပ်ရာတွေ မှာ အသုံးပြုကြပါတယ်။

ဦးဟင်နရီဗန်ထီးယူက စိုက်ပျိုးရေးကဏ္ဍနဲ့ပတ်သက်ပြီး ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ရော်ဘာ အရည်အသွေး မြင့်မားရေးနဲ့ ရော်ဘာဈေးကွက်တည်ငြိမ်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနဲ့ ပုဂ္ဂလိက

ကဏ္ဍမှ အသင်းအဖွဲ့များ၊ ခြံရှင်များနဲ့လုပ်ငန်းရှင်များပါဝင်တဲ့ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ဖို့လည်း တိုက်တွန်းထားပါတယ်။ အစိုးရအနေနဲ့လည်း သက်ဆိုင်ရာဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်သူများနဲ့စက်ရုံများက ကဏ္ဍအလိုက်အသင်းအဖွဲ့များဖွဲ့စည်းခြင်းနဲ့ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ဖို့ စီမံဆောင်ရွက်ရှိတယ်လို့ သိရပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံအတွက်အရေးကြီးတဲ့ကဏ္ဍဖြစ်တဲ့အပြင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က) မှာ "နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက် သည့်သီးနှံကို သက်ဆိုင်ရာဥပဒေနှင့်အညီ ရွေးချယ်စိုက်ပျိုးခွင့်လို့ပါရှိတဲ့အတွက်လည်း မိမိဒေသ၊ ရေမြေ အခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်ထွန်းမယ့်သီးနှံကို စိုက်ပျိုးခွင့်ပြုထားပါတယ်။ ဒါပေမဲ့ ကိုယ့်အကျိုးအတွက်သာမက အများအကျိုးကိုကြည့်ပြီး ရွေးချယ်စိုက်ပျိုးကြဖို့တော့လိုအပ်ပြီး ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာစီမံခန့်ခွဲရေးကော်မတီတစ်ရပ်ကိုဖွဲ့စည်းဖို့လည်း လိုအပ်တယ်လို့ ဦးဟင်နရီဗန်ထီးယူက ပြောပါတယ်။

လက်ရှိမှာတော့ စိုက်ပျိုးရေးကဏ္ဍအတွက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်တဲ့ သွင်းအားစုများကို အသုံး မပြုခြင်း၊ စိုက်ပျိုးထုတ်လုပ်ရာဒေသအခြေအနေနဲ့ လိုက်လျောညီထွေမှုရှိခြင်းစတဲ့ အချက်အလက်များအပေါ် အဓိကထားပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်တဲ့အတွက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးလာရေးကို ဆောင်ရွက်ဖို့ လိုနေတယ်လို့သိရပါတယ်။

Source: HTTPS://WWW.KUMUDRANEWS.COM/NEWS-32445

## မူဆယ် ၁၀၅မိုင်မှာ ဖရဲ၊ သခွား အရောင်းအဝယ်ကောင်း



မူဆယ် ၁၀၅ မိုင် သစ်သီးကုန်စည်ဒိုင်မှာ သည်ရက်ပိုင်း ဖရဲ၊ သခွား အရောင်းအဝယ် ကောင်းမွန်နေပြီး ဈေးတန်းပါ ပြန်လည်ကောင်းမွန်နေတယ်လို့ ကုန်သည်အချို့က ဆိုပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ဈေးကွက်ကျဆင်းရာကနေ သည်နေ့မှ ယခုလို ဈေးကွက်ကောင်းမွန်လာတာဖြစ်ပါတယ်။

အရည်အသွေးအလိုက် ဈေးရတာဖြစ်လို့ ဈေးကွက်အနေအထားက အရည်အသွေးကောင်းတာနဲ့အမျှ ယခုထက် ပိုမို ကောင်းမွန်လာဖို့ရှိတယ်လို့ သစ်သီးကုန်သည်အချို့က ခန့်မှန်းထားပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ဖရဲသခွားဈေးဟာ သုံးနှစ်အတွင်း ၂၀၁၆ ခုနဲ့ နှိုင်းယှဉ်ရင် ဖရဲတစ်ကီလိုကို ထက်ဝက်ခန့်ဈေးကျဆင်းနေတယ်လို့ တောင်သူအချို့ထံက သိရပါတယ်။

အသီးအဝင်ပေါ်မှာဈေးကွက်က ပြောင်းပြောင်းသွားတယ်။ လက်ရှိအခြေအနေမှာက ဈေးကွက်ရဲ့ဖရဲစိုက်ထွက်အားက ဝယ်လိုအားထက်ပိုတဲ့သဘောဖြစ်နေတယ်။ ပစ္စည်းအဝင်အနည်းအများပေါ်လိုက်ပြီး သည်ရက်ပိုင်းတော့ ဈေးတန်းကမငြိမ်ဘူး။ တက်လိုက်ကျလိုက်ပဲလို့ နယ်စပ်ကုန်သွယ်ရေးကနေ တရုတ်နိုင်ငံကို သစ်သီးမျိုးစုံတင်ပို့နေတဲ့ကုန်သည်က ပြောပါတယ်။ နယ်စပ်သစ်သီးဈေးကွက်ဟာ လက်ရှိအနေအထားမှာ ဝယ်သူအသာရတဲ့ဈေးကွက်ဖြစ်တယ်။ ရောင်းချသူဘက်က ရွေးချယ်စရာအခွင့်အလမ်းနည်းပါးပြီး ဝယ်သူအကြိုက် ရောင်းချရတဲ့ဈေးကွက်ဖြစ်နေတဲ့အတွက် အသီးအရည်အသွေးကို တက်နိုင်သမျှမြင့်မားအောင်၊ ပယ်သီးဖြစ်နိုင်တဲ့အသီးကို ၊ ခွဲခြားတင်ပို့တာ လမ်းခရီးမှာ အချိန်ကြန့်ကြာနိုင်မှုအခြေအနေကို တွက်ဆချိင့်ချိန်စီစဉ်တာ၊ လမ်းခရီးမှာ အသီးတွေ ညစ်ပတ်ပေရေခြင်းမရှိအောင်စီမံတာစတာတွေပြုလုပ်ထားမှသာ ရောင်းသူအတွက် အကျိုးအမြတ်ရရှိစေမှာဖြစ်တယ်လို့ ကျွမ်းကျင်သူအချို့ကပြောပါတယ်။

Source: HTTPS://WWW.KUMUDRANEWS.COM/NEWS-32437

## လပွတ္တာစပါးများကို နိုင်ငံတကာဈေးကွက် ချိတ်ဆက်မည့်အစီအစဉ်မိတ်ဆက်

**စင်ကာပူကုမ္ပဏီ Golden Sunland နှင့် ပြည်တွင်းရှိ မြန်မာ့ဩဘာ၊ Mercy Corps အဖွဲ့အစည်းတို့ ပူးပေါင်း၍ လပွတ္တာမှ စပါးများကို နိုင်ငံတကာဈေးကွက်သို့ချိတ်ဆက်ပေးမည့် 'Link to Labutta Market' (လပွတ္တာဈေးကွက်မှသည်)**

အစီအစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါအစီအစဉ်သည် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသည့် လပွတ္တာမြို့ကို ပြန်လည်တည်ဆောက်ရေး အစီအစဉ်အဖြစ် Mercy Corps က စီစဉ်ခဲ့သည်ဟု ထုတ်ပြန်သည်။ စပါးစိုက်တောင်သူတွေက အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်နေရပြီး ဆင်းရဲမွဲတေမှု အကျပ် အတည်းတွေကြားမှာ ပိတ်မိနေကြကြောင်း Mercy Corps မှ တာဝန်ရှိသူ ဦးသက်ဦးကပြောကြား သည်။ ထိုအခက်အခဲများကို ကူညီရန် သဘာဝဘေးဒဏ်ခံရသည့်ဒေသများသို့ စွမ်းရည်နှင့်အရင်းအနှီး ထောက်ပံ့မှုများ ဖြည့်ဆည်းပေးရန်ဖြစ်သည်ဟု ၎င်းကဆိုသည်။ ယခုအစီအစဉ်ကို လပွတ္တာမြို့နယ်အတွင်း စိုက်ဧက ၂၀၀ နှင့် တောင်သူ ၄၀ ဦးဖြင့် စတင်ခဲ့ပြီး လက်ရှိစီမံချက်အရ တောင်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဘဝရပ်တည်မှု ၃၀ ရာခိုင်နှုန်း အထိ တိုးတက်ရန်ဖြစ်သည်ဟုဆိုသည်။

စင်ကာပူကုမ္ပဏီ Golden Sunland က တောင်သူများ၏ မျိုးစေ့ကစတင်ပြီး ရိတ်သိမ်းသည်အထိ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာရေး တာဝန်ယူမည်ဖြစ်သည်။ ထို့အပြင် ထွက်ရှိလာသည့်စပါးများကိုဝယ်ယူ၍ နိုင်ငံတကာသို့ တင်ပို့ရောင်းချခြင်းကို စင်ကာပူကုမ္ပဏီက ကူညီမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းသုံးခုက ကြေညာချက်ထုတ်ပြန်ထားသည်။ အဆိုပါလုပ်ငန်းကို မြန်မာ့သြဘာလုပ်ငန်းက မြေဆီလွှာစစ်ဆေးခြင်း၊ စိုက်ပျိုးရေး အကြံပေးဝန်ဆောင်မှုများပံ့ပိုးပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့ကျင့်ကောင်းများနှင့်အညီ အထွက်နှုန်းတိုးစေရန် ကူညီမည်ဟုဆိုသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1657-rice-markets.html

## တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ငှက်သိုက်များကို စင်ကာပူနိုင်ငံသို့ ထပ်မံတင်ပို့ရောင်းချရန်ရှိ



တနင်္သာရီတိုင်ဒေသကြီးမှ ထွက်ရှိသည့် ငှက်သိုက်များကို စင်ကာပူနိုင်ငံသို့ ထပ်မံတင်ပို့ရောင်းချရန်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်ထံမှသိရသည်။ ထိုသို့တင်ပို့ရောင်းချရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုကို အသုံးပြုခဲ့ပြီး ကျန်းမာရေးအတွက်သုံးစွဲမှု တွင်ကျယ် လာသော ငှက်သိုက်ကို အရည်အသွေးမြှင့်၍ ထုတ်လုပ်နိုင်ပါက ပြည်ပဈေးကွက်ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင်ဈေးကွက် အားသာချက်၊ အားနည်းချက်များပေါ်မူတည်၍ ပြည်ပသို့ ထပ်မံတင်ပို့နိုင်ရန်လည်း စီစဉ်မည်ဖြစ်သည်။

ငှက်သိုက်တွင် ငှက်သိုက်ဖြူနှင့် ငှက်သိုက်မည်းဟူ၍ နှစ်မျိုးရှိကာ စင်ကာပူနိုင်ငံသို့ ပထမဆုံးတင်ပို့သော ငှက်သိုက်သည် ငှက်သိုက်မည်းဖြစ်ပြီး တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၄၇၀ ခန့် ပေါက်ဈေးရှိကာ စုစုပေါင်း ၃၈၈ ကီလိုဂရမ်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၈၂၃၆၀ ရရှိခဲ့ကြောင်းသိရသည်။ ပြည်ပဈေးကွက်ထဲကို ပထမဆုံး တင်ပို့မှုအဖြစ် ငှက်သိုက်မည်းကိုတင်ပို့ခဲ့ပါတယ်။ ဒီအမျိုးအစားက ငှက်သိုက်တွေထဲမှာ ဈေးနှုန်းမြင့်ပါတယ်။ ဈေးကွက်အခြေအနေပေါ်မူတည်ပြီး ထပ်ပို့နိုင်အောင်လုပ်ဆောင်ပါမယ်။ အဓိကကတော့ ကော့သောင်းနဲ့ မြိတ်ကျွန်းစုဘက်က ထွက်ရှိတဲ့ ငှက်သိုက်တွေကို စင်ကာပူနိုင်ငံကို တင်ပို့ရောင်းချမယ်။ အရင်ကတော့ သဘာဝ ငှက်သိုက်တွေ ထုတ်လုပ်ခဲ့ကြပေမယ့် နောက်ပိုင်းမှာ ကိုယ်ပိုင်ငှက်အိမ်တွေ တည်ဆောက်ပြီး ငှက်သိုက် ထုတ်လုပ်မှုတွေလည်းလုပ်လာကြကြောင်း ဦးခင်မောင်လွင်ကပြောသည်။ ယင်းဒေသအတွင်းမှထွက်ရှိသော ငှက်သိုက်များကို တရုတ်နိုင်ငံသို့သာ တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိတွင် ဈေးကွက်တိုးချဲ့မှုအနေဖြင့် စင်ကာပူနိုင်ငံသို့ တင်ပို့ရေ ာင်းချခြင်းဖြစ်သည်။ ယခုအခါ ကျောက်ဆောင်လိုဏ်ဂူများအတွင်းရှိ ငှက်သိုက်များ စုဆောင်းသိမ်းဆည်းခြင်းကို သစ်တောဦးစီးဌာနမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါခေါ်ယူသိမ်းဆည်းလုပ်ကိုင်ခွင့်ပြုခဲ့ ရာ ငှက်သိုက်ထွက်ရှိသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းအများစုကို လုပ်ကိုင်ခွင့်ပြုထားကြောင်းသိရသည်။ ငှက်သိုက်သည် ဇီဝဖိုးငှက်များ ဥဥရန် အန်ဖတ်ဖြင့်ဆောက်လုပ်သည့်အသိုက်ဖြစ်ပြီး ယခင်ကပင်လယ်ကမ်းခြေကျောက်ဆောင်များနှင့်လိုဏ်ဂူများအတွင်း ရှာဖွေစုဆောင်းခဲ့ရကြောင်း၊ ယခုနှစ်များအတွင်း စီးပွားဖြစ်အနေဖြင့် ကိုယ်ပိုင်ငှက်အိမ်များ တည်ဆောက်၍ ငှက်သိုက်ထုတ်လုပ်မှုများ ပြုလုပ်လာကြောင်းသိရသည်။

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1655-bird-s-nest.html

# STOCK EXCHANGE (20.2.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 20th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 100 | 890,000 | 27,112,747 | 241,303 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 3,844 | 11,147,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 21,500 | 21,500 | 245 | 5,267,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 250 | 675,000 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.61 | -0.91 | -0.24% | 377.52 | 377.52 | 376.61 | 4,439 | 17,980,100 | 5 | 514,169 |


**Index chart**




## Market Overview

As of 10:00 am, 20th Feb. 2019

| MYANPIX | 377.52 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,130 |
| Total Value (MMK) | 9 mil |
| Listed Company | 5 |
| Market Cap. (MMK) | 515,405 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |